# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ရေဆင်း၊ နေပြည်တော်
# ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်း နှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၁ | ဆေးပညာဌာန | ၁။M.V.Sc. (Medicine)<br>၂။M.V.M. (Medicine)<br>၃။Ph.D. (Medicine) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc. (Medicine)/<br>M.V.M. (Medicine) |
| ၂ | ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန | ၁။M.V.Sc. (Theriogenology)<br>၂။M.V.Sc. (Surgery)<br>၃။M.V.M. (Surgery)<br>၄။Ph.D. (Theriogenology)<br>၅။Ph.D. (Surgery) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc. (Animal Reproduction/<br>Theriogenology)<br>M.V.Sc.(Surgery)/<br>M.V.M. (Surgery) |
| ၃ | မွေးမြူရေးပညာဌာန | ၁။M.V.Sc. (Animal Production)<br>၂။Ph.D. (Animal Production) | B.V.S./B.V.Sc.<br>M.V.Sc. (Animal Production) |
| ၄ | တိရစ္ဆာန်အာဟာရဗေဒဌာန | ၁။M.V.Sc. (Animal Nutrition)<br>၂။Ph.D. (Animal Nutrition) | B.V.S./B.V.Sc.<br>M.V.Sc. (Animal Nutrition) |
| ၅ | ရောဂါဗေဒနှင့် အဏုဇီဝဗေဒဌာန | ၁။M.V.Sc. (Pathology)<br>၂။M.V.Sc. (Microbiology)<br>၃။Ph.D. (Microbiology) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc. (Microbiology) |
| ၆ | ဆေးဝါးဗေဒနှင့် ကပ်ပါးဗေဒဌာန | ၁။M.V.Sc.(Pharmacology)<br>၂။M.V.Sc. (Parasitology)<br>၃။Ph.D. (Pharmacology)<br>၄။Ph.D. (Parasitology) | B.V.S./B.V.Sc.<br>B.V.S./B.V.Sc.<br>M.V.Sc. (Pharmacology)<br>M.V.Sc. (Parasitology) |

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၇ | တိရစ္ဆာန်ဆေးကုဆိုင်ရာ ပြည်သူ့ကျန်းမာရေးပညာဌာန | ၁။M.V.Sc. (Public Health) | B.V.S./B.V.Sc. |
| | | ၂။M.V.Sc. (Epidemiology) | B.V.S./B.V.Sc. |
| | | ၃။Ph.D. (Public Health) | M.V.Sc. (Public Health) |
| | | ၄။Ph.D. (Epidemiology) | M.V.Sc. (Epidemiology) |
| ၈ | ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန | ၁။M.V.Sc. (Physiology) | B.V.S./B.V.Sc. |
| | | ၂။M.V.Sc. (Biochemistry) | B.V.S./B.V.Sc. |
| | | ၃။M.V.M. (Clinical Pathology) | B.V.S./B.V.Sc. |
| | | ၄။Ph.D. (Physiology) | M.V.Sc. (Physiology) |
| | | ၅။Ph.D. (Biochemistry) | M.V.Sc. (Biochemistry) |
| ၉ | ခန္ဓာဗေဒဌာန | ၁။M.V.Sc. (Anatomy) | B.V.S./B.V.Sc. |
| | | ၂။M.V.Sc. (Histopathology) | B.V.S./B.V.Sc. |
| | | ၃။Ph.D. (Anatomy) | M.V.Sc. (Anatomy) |
| | | ၄။Ph.D. (Histopathology) | M.V.Sc. (Histopathology) |
| ၁၀ | ငါးမွေးမြူရေးနှင့် ငါးရောဂါဗေဒဌာန | ၁။M.V.Sc. (Zoo & Wildlife Medicine) | B.V.Sc. |
| | | ၂။M.V.Sc. (Aquatic Medicine) | B.V.Sc. |
| ၁၁ | မျိုးရိုးဗီဇနှင့် တိရစ္ဆာန်သားစပ်ပညာဌာန | ၁။M.V.Sc. (Genetics & Animal Breeding) | B.V.Sc. |

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၄င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းတက်ရောက်နေဆဲ သင်တန်းသားများသည် (၁၆-၅-၂၀၁၉)ရက်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ကျမ်း ရေးသား ပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D.) သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(င) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.) သင်တန်း နှင့် တိရစ္ဆာန်ဆေးပညာမဟာဘွဲ့(M.V.M.) သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့ (Ph.D.) သင်တန်းကာလမှာ (၃) နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းအတွက် (၂၀၁၇)ခုနှစ်အထိ B.V.S./B.V.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဆ) တိရစ္ဆာန်ဆေးပညာမဟာဘွဲ့(M.V.M.)သင်တန်းအတွက် (၂၀၁၇)ခုနှစ်အထိ B.V.S./B.V.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့်အထူးပြုဘာသာရပ်နှင့် ဆက်စပ်သည့်ဘာသာရပ် တစ်ခုခုတို့တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ်စီ ရရှိရမည်။

| စဉ် | ဖွင့်လှစ်မည့်သင်တန်းများ | အထူးပြုဘာသာရပ် | ဆက်စပ်ဘာသာရပ်များ |
|---|---|---|---|
| ၁ | M.V.M.<br>(Medicine) | Clinical Medicine | Preventive Medicine<br>Parasitology<br>Pathology<br>Microbiology |
| ၂ | M.V.M.<br>(Clinical Pathology) | Physiology | Biochemistry<br>Clinical Medicine<br>Histology<br>Pathology |
| ၃ | M.V.M.<br>(Surgery) | Surgery | Theriogenology<br>Anatomy<br>Clinical Medicine<br>Pathology |

(ဇ) ပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc. အခြေခံဘွဲ့ရရှိထားပြီး Veterinary Science Subject တစ်ခုခုဖြင့် ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုမှ Master ဘွဲ့ရရှိရမည်။

(ဈ) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ **လျှောက်လွှာပုံစံများကို (၁၆-၅-၂၀၁၉)ရက် (ကြာသပတေးနေ့)မှစ၍** ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် **(၃၁-၅-၂၀၁၉)ရက် (သောကြာနေ့) ညနေ(၄:၀၀)နာရီ** နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | (၄-၆-၂၀၁၉)ရက် (အင်္ဂါနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |
| (ခ) | သက်ဆိုင်ရာ အထူးပြုဘာသာရပ် | (၅-၆-၂၀၁၉)ရက် (ဗုဒ္ဓဟူးနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို **(၁၀-၆-၂၀၁၉)ရက် (တနင်္လာနေ့)**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား **(၁၄-၆-၂၀၁၉)ရက် (သောကြာနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ **လူတွေ့စစ်ဆေးမည်။** ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို **(၁၆-၆-၂၀၁၉)ရက် (တနင်္ဂနွေနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကို **(၁၇-၆-၂၀၁၉) ရက် (တနင်္လာနေ့)**တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၆၆၅၉၊ ၀၆၇-၃၄၁၆၅၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။